**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး**

**ဟောင်ကောင်မြို့**

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား ၁-၄-၂၀၁၇ ရက်နေ့ (စနေနေ့) တွင် လွှတ်တော်ကိုယ်စားလှယ်များ လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါမြို့နယ်များအတွက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ၎င်းဖော်ပြပါမြို့နယ်များတွင်နေထိုင်သူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) ဖြန့်ဝေပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လမ်းညွှန်ခဲ့ပါသည်။

၂။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်သည့် လစ်လပ်မဲဆန္ဒနယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | လစ်လပ်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ | |
|---|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | **မုံရွာမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ အမ်းမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကော့မှူးမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်။** | |
| ၂ | အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) | **ထန်တလန်မြို့နယ်။** |
| | | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) | ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်။ |
| | | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) | ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ လသာမြို့နယ်၊ လှိုင်မြို့နယ်၊ လမ်းမတော်မြို့နယ်၊ အလုံမြို့နယ်။ |
| ၃ | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | **ဖရူဆိုမြို့နယ်။** |

| | | | |
|---|---|---|---|
| | | ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | **ကျိုင်းတုံမြို့နယ်။** |
| | | ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | **ကျေးသီးမြို့နယ်။** |
| | | ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | **ကျေးသီးမြို့နယ်။** |
| | | ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | **ညောင်ရွှေမြို့နယ်။** |
| | | မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) | **မိုင်းရှူးမြို့နယ်။** |
| | | မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) | **မိုင်းရှူးမြို့နယ်။** |

၃။ မြန်မာနိုင်ငံအတွင်း **ဖော်ပြပါမြို့နယ်များတွင် နေထိုင်ခဲ့သည့် ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်ရောက် မဲဆန္ဒရှင်များ**အနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်မဲဆန္ဒပြုလိုပါက ပူးတွဲဖော်ပြပါ **ပုံစံ(၁၅)အားပြည့်စုံမှန်ကန်စွာဖြည့်စွက်လျက်** မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ **လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ** (Consulate General of the Republic of the Union of Myanmar, Room (2401), Sun Hung Kai Centre, 30 Harbour Road, Wanchai, Hong Kong)သို့ **၅-၁၂-၂၀၁၆ ရက်နေ့အရောက် နောက်မကျစေဘဲ** ပေးပို့ရမည်ဖြစ်ပါသည်။ ပုံစံ (၁၅) အား ကောင်စစ်ဝန်ချုပ်ရုံးတွင်လည်းကောင်း၊ ရုံး Website ဖြစ်သည့် http://myanmar.e-consulate.org နှင့် ရုံး Facebook page ဖြစ်သည့် Myanmar Consulate, Hong Kong တို့တွင်ရယူနိုင်ပြီး ဖြည့်စွက်ပြီးပုံစံ(၁၅)အား ပြန်လည်ပေးပို့ရာတွင် ဆန္ဒပြုသူများ၏ သက်တမ်းရှိ **မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ** နှင့်တကွ လက်ရှိကိုင်ဆောင်ထားသည့် **ဖုန်းအမှတ် နှင့် Email လိပ်စာ** များအား ဖော်ပြ၍ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။

၄။ ကြိုတင်မဲဆန္ဒပြုလိုသူများမှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(ဟောင်ကောင်)သို့ လူကိုယ်တိုင်ပေးပို့လာပါက ပုံစံ(၁၅)လက်ခံရရှိကြောင်း ဖြတ်ပိုင်းပြေစာအား ထုတ်ပေးသွားမည်ဖြစ်ပြီး စာတိုက်မှ ပေးပို့လာသူများအတွက် ဖော်ပြထားသည့် ဖုန်းနံပါတ် (သို့) Email လိပ်စာများသို့ အကြောင်းပြန်ကြားသွားမည်ဖြစ်ပါကြောင်း နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်

များသို့အသိပေးကြေညာချက်များ ဆက်လက်ပေးပို့လာပါကလည်း အချိန်နှင့်တပြေးညီ သတင်း ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်**
**ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**
[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ
--------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------ သည် ----------------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ---------------------------------------------
(၂) တိုင်းရင်းသားလူမျိုး ------------------------------------------------
(၃) မှတ်ပုံတင်အမှတ် -------------------------------------------------
(၄) မွေးသက္ကရာဇ် (အသက်) --------------------------------------------
(၅) အဘအမည် ------------------------------------------------------
(၆) အမိအမည် ------------------------------------------------------
(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------မြို့နယ်၊ ----------------- တိုင်းဒေသကြီး/ပြည်နယ်
(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ------------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -----------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။